ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

စာအမှတ်၊ ၂၉၂/၄/လကရ-၁-၂/၂၀၁၇
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေ လ ၃ ရက်

သို့

____________________

____________________

အကြောင်းအရာ။ **ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွင် ဖွင့်လှစ်မည့် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း(ပုဂ္ဂလိကဝန်ထမ်း)၊ အမှတ်စဉ်(၂) သို့ တက်ရောက်ရန်ကိစ္စ**

၁။ လူကြီးမင်းသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) တွင် တည်ထောင်ထားသည့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီမှ ဖွင့်လှစ်ပို့ချမည့် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန် ဒီပလိုမာသင်တန်း(ပုဂ္ဂလိကဝန်ထမ်း)၊အမှတ်စဉ်(၂)ကို၂၉-၅-၂၀၁၇ ရက်နေ့မှ ၁၅-၉-၂၀၁၇ ရက်နေ့ထိ တက်ရောက်ရမည်ဖြစ်ပြီး အောင်မြင်စွာတက်ရောက်ပြီးမှသာ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာကို အပ်နှင်းခြင်းခံရမည် ဖြစ်ပါသည်။

၂။ သင်တန်းတက်ရောက်ရန်အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) သို့ **၂၇-၅-၂၀၁၇ ရက် (စနေနေ့) ညနေ ၁၈း၀၀နာရီ** နောက်ဆုံးထား၍ ရောက်ရှိ သတင်းပို့ရမည် ဖြစ်ပါသည်။

၃။ သတင်းပို့ရန်လာရောက်ခြင်းအတွက် ခရီးစရိတ်ကို ရာထူးဝန်အဖွဲ့က ထုတ်ပေးမည် မဟုတ်ပါ။ သင်တန်းတက်ရောက်ရာတွင် **လူတွေ့ဝင်ရောက်စဉ်က ကြိုတင်ဖြန့်ဝေထားသည့် သင်တန်းဝင်ညွှန်ကြားလွှာ၌ ဖော်ပြပါရှိသည့်** စာရေးကိရိယာနှင့်အသုံးအဆောင်ပစ္စည်းများကို ပြည့်စုံစွာ ယူဆောင်လာရန်ဖြစ်ပါသည်။

၄။ သင်တန်းတက်ရောက်နိုင်ခြင်းမရှိပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန (ဖုန်းအမှတ်၊ ၀၆၇-၄၀၉၁၆၉/ ဖက်စ်နံပါတ်၊ ၀၆၇-၄၀၉၄၅၉ )သို့ ကာယကံရှင်ကိုယ်တိုင် တယ်လီဖုန်း(သို့မဟုတ်) ဖက်စ် (သို့မဟုတ်) ကိုယ်ရေးစာဖြင့် အချိန်မီမပျက်မကွက် အကြောင်းကြားရန် ဖြစ်ပါသည်။

3/5/2017

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ချိုချိုခိုင်၊ညွှန်ကြားရေးမှူး)

မိတ္တူကို

ဥက္ကဋ္ဌရုံးအဖွဲ့၊ပြည်ထောင်စုရာထူးဝန်အဖွဲ့
လက်ခံ/မျှော

AtendingPDCSM

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်

အကြောင်းအရာ။ **သင်တန်းတက်ရောက်ရမည့်သူ အမည်စာရင်း ကြေညာခြင်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တို့တွင် တည်ထောင်ထားသည့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီမှ ဖွင့်လှစ်ပို့ချမည့် **ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းများ(ပုဂ္ဂလိကဝန်ထမ်း)**အတွက် လျှောက်လွှာခေါ်ယူခဲ့ရာ လျှောက်ထားသူ(၃)ဦး (ကျား-၁+မ-၂) ဖြစ်ပါသည်။ ယင်းတို့အနက် လူတွေ့စစ်ဆေးမှု ခံယူခဲ့သူ အောက်ဖော်ပြပါ မ(၁)ဦးသည် သင်တန်းတက်ရောက်ရမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ခုံအမှတ် | အမည် / နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | တက်ရောက်ရမည့် ဗဟိုဝန်ထမ်းတက္ကသိုလ် |
|---|---|---|---|
| ၁။ | အောက် - ၂ | ဒေါ်သီတာမြင့်<br>၉/တကန(နိုင်)၁၆၁၅၆၈ | ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အောက်မြန်မာပြည်) |

၂။ သင်တန်းတက်ရောက်ရမည့်သူသည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ၂၉-၅-၂၀၁၇ ရက်နေ့မှ ၁၅-၉-၂၀၁၇ ရက်နေ့အထိ ရက်သတ္တပတ်(၁၆)ပတ်ဖြင့် ဖွင့်လှစ်မည့် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ အမှတ်စဉ်(၂) သို့ တက်ရောက်ရမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ တက်ရောက် အောင်မြင်ပြီးမှသာ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ အပ်နှင်းခြင်းခံရမည် ဖြစ်ပါသည်။

၃။ ဤကြေညာချက်နှင့် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း (ပုဂ္ဂလိကဝန်ထမ်း) တက်ရောက်ရန်အတွက် **သင်တန်းဝင်ညွှန်ကြားလွှာတို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့် ရန်ကုန်ရုံးခွဲ၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်တို့တွင် ကြေညာထားပြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ဖော်ပြအပ်ပါသည်။**

3/5/2017

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ချိုချိုခိုင်၊ ညွှန်ကြားရေးမှူး )